စိတ်ကူးချိုချိုအနုပညာ

# မောင်ဖိလာ

# ဗာစကိုဒဂါးမားကိုကယ်တင်ခြင်း

ကဗျာများ



# ငါမင်းဆီပြန်လာခဲ့

အဖြောင့်အတိုင်း မိုင် ၂၅၀ ကွာဝေးတဲ့

မြို့ကလေးကနေ

ထွက်ခွာလာခဲ့တယ်

ကျွန်တော် ယဉ်ကျေးဖူးတဲ့ သီချင်းထဲက

မှန်တိုင်းလို

ကျွန်တော့်စိတ်အဆာအတိုင်း

တိုက်ခတ်လိုက်တော့

ကျွန်တော့်ဆီ လွင့်ပြီး ကျလာတဲ့ ၁၂ နာရီမှာ

အဝေးကချစ်သူ့ ဖုန်းခေါ်သံဟာ ဆူညံနေတယ်

ကျွန်တော်ဟာ နေ့ရောညပါ

လောင်နေတဲ့ မီးပေါ်

ဖြတ်ပျံလာတဲ့ ငှက်တစ်ကောင်ပါ

တတ်နိုင်သမျှ မြတ်နိုးကြည့်စမ်းပါဆိုပြီး

ဒီခရီးကို မီးဖွင့်ကြည့်တော့

အရွယ်စိမ်းစိမ်း အရောင်စိမ်းစိမ်းနဲ့

သစ်တောစိမ်းစိမ်းရဲ့ ကိုယ်နဲ့ကိုတွေ့တယ်

မြက်ရိုင်းပင်ထဲက

စင်ထွက်လာတဲ့ နွားခလောက်သံမှာ

ကိုယ်ရောင်ကိုယ်ဝါ တောက်ပလွန်း

ကျွန်တော့်ကို တစ်လက်မချင်း ဆွဲယူနေတဲ့

ညီမလေးရဲ့ သိပ်သည်းတဲ့ အလွမ်းမှာ

ဒီအလျားဟာ ရှည်လျားလွန်း လယ်ကွင်းပြင်ထဲ

လေပူပူကို ကျောသပ်ရင်သပ်လုပ်နေတဲ့

ဥသြငှက်ရဲ့ တွန်သံဟာ

ဒီရာသီမှာ သန်လွန်းစွမ်းလွန်းလှတယ်

ရထားဟာ တရိပ်ရိပ်နဲ့

မိုင်တိုင်တွေကို ထားရစ်ခဲ့

ကျွန်တော်လည်း တရိပ်ရိပ်နဲ့

စိတ်ရောလူပါ မြင့်တင်ခဲ့

အဝေးကွင်းမှာ ဒဏ်ရာရလာတဲ့ ဘောလုံးသမား

မိခင်ကလပ်အသင်းဆီ ပြန်လာသလို

ငါ မင်းဆီပြန်လာခဲ့တယ် ဇက်ခွံထားတဲ့ ရထားနဲ့ ။ ။

ရန်နံ့သစ်မဂ္ဂဇင်း၊ ၂၀၀၂ ခုနှစ်

***

## အိမ်အပြန်(၁)

အိပ်တန်းပြန် ငှက်ကလေးတွေရဲ့

အသံစာစာကလေးတွေ ရှိမနေဘူး

စိတ်ကောက်သွားတဲ့ ချစ်သူကို ချော့ဖို့

ညနေခင်းအေးအေးလေးနဲ့ လုပ်ထားတဲ့

သီချင်းချိုချိုကလေးလည်း ရှိမနေဘူး

ကျောင်းက ပြန်လာတဲ့ ချာတိတ်ကလေးလိုပေါ့

လွယ်အိတ်ကလေး ပစ်ချပြီး

ဆွဲငင်အားတွေ အားလုံး

အကြောတွေပြတ်ထွက်သွားအောင် ပျော်ဖို့

ကစားကွင်းကလေးလည်း ရှိမနေဘူး

ခွေးအတစ်ကောင်ရဲ့

ယိမ်းထိုးခြေလှမ်း အိမ်အပြန်မှာ

အမေပြင်ထားတဲ့ ပူနွေးနွေးညနေစာကလည်း

ရှိမနေဘူး

သောကြာနေ့ ညနေတွေဟာ

လွမ်းလို့ အကောင်းဆုံးနာရီတွေလို့ ဆိုပေမယ့်

ဆောင်းမရှိတဲ့ ကျွန်းကလေးမှာ

သောကြာနေ့ဆိုတာလည်း ရှိမနေဘူး

သောကနဲ့ ပွင့်ဝေနေတဲ့

လမ်းကလေးအတိုင်း ပြန်လာခဲ့တယ်။

ဖြေဖျောက်စရာ ဘာမှ ရှိမနေဘူး

ရှိနေတာက

အိမ်အပြန် နှလုံးသားနဲ့ နမ်းမရတဲ့

သူစိမ်းဆန်ဆန် တိမ်သားတွေရယ်

မိသားစုတပ်ဆင်မထားတဲ့ အိမ်ကလေးရယ် ။ ။

ရပ်ရှင်တေးကဗျာ မဂ္ဂဇင်း၊ ဖေဖော်ဝါရီလ၊ ၁၉၉၈ ခုနှစ်

***

# ချစ်သူရှိရာလမ်းကလေး

ငါ့မျက်လုံးတွေ

လမ်းကလေးပေါ်

ချော်လဲလို့

ချစ်သူရှိရာ လမ်းကလေး

ငါ ငေးကြည့်နေခဲ့တယ်

နေရောင်ခြည်က

ထိုးဆွထားတဲ့

လမ်းကလေး

နိုင်ငံတကာ

လေဆိပ်ကလေးနဲ့ တူတဲ့

လမ်းကလေး

သစ်ရွက်ကြွေတွေ

တဖွေးဖွေးဆိုက်ကပ်နေတဲ့

လမ်းကလေး

ကဖေးဆိုင်ကလေးကို

ရင်ထိုးတစ်ခုလို

ချိတ်တွယ်ထားတဲ့

လမ်းကလေး

ဗန်ဂိုးရဲ့ ဆိုက်ပရပ်ပင်တွေ

မပေါက်ရောက်ပေမယ့်

ချစ်သူရှိတာ တစ်ခုတည်းနဲ့

အမြဲတမ်း

အလွမ်းပွင့်ကလေးတွေ

ဝေနေတဲ့

လမ်းကလေး

ချစ်သူရဲ့

စီးကျမျက်ရည်တွေနဲ့

မြေငွေ့ပျံ့နေတတ်တဲ့

လမ်းကလေး

ဆည်းလည်း သံနဲ့ တူတဲ့

ရယ်သံလေးတွေကို

ဖိတ်မကျသွားအောင်

ဘောင်ခတ်ပေးထားတဲ့

လမ်းကလေး

နေ့ဘက်ဆို

ချောကလက်လို

အီချိုနေတတ်ပြီး

ညဘက်ဆို

ဝိုင်တစ်ခွက်လို

ယစ်မူးစရာကောင်းတဲ့

လမ်းကလေး

နွေရောက်ရင်

အဝါရောင်အင်္ကျီကလေးထဲ

ဘုတ်ငှက်ကူသံတွေ

ထိုးထည့်ထားတတ်တဲ့

လမ်းကလေး

မိုးရောက်ရင် တသွင်သွင်စီးနေတဲ့

ရေနီမြောင်းကလေးတွေ

ကျောပေါ်တင်ပေးထားတဲ့

လမ်းကလေး

ဆောင်းရောက်ရင်

နှင်းခဲကလေးတွေမျိုလို့

ရှဲရှဲစိုနေတတ်တဲ့

လမ်းကလေး

တစ်ခါတလေ

သူ့ရင်ဘတ်က ဇစ်ကိုဟပြီး

လမင်းကိုဖွင့်ဖွင့်ကြည့်တတ်တဲ့

လမ်းကလေး

တစ်ခါတလေ

နေ့လယ်ခင်းတွေထဲ

တစ်ယောက်တည်း ရောက်ရောက်လာတတ်တဲ့

သူ့ကို ယူကလစ်ပင်ကလေးထိုးပြီး

အရိပ်မိုးပေးတတ်တဲ့

လမ်းကလေး

တစ်ခါတစ်ခါ

ရာသီတွေဖမ်းစားလွန်းလို့

ခများမှာ ပါးရေတွန့်လိပ်နဲ့

တွန့်ခေါက်တောင်တန်း

လမ်းကလေး

ဓာတ်တိုင်တွေက

ရက်အင်ဒီးယန်းတွေရဲ့ မြားတံတွေလို

သူ့ရင်အုံမှာ တန်းလန်းစိုက်လို့

အငိုက်မိသွားတဲ့

လမ်းကလေး

ချစ်သူရှိရာ လမ်းကလေး

အဲဒီလမ်းကလေးပေါ်မှာ ပေ့ါ

သူ့အသည်းနှလုံးတွေ

သူ့ကိုယ်တိုင်ကိုင်ဆုပ်ပြီး

လမ်းကလေးပေါ်မှာ

ချေမွခဲ့ရတယ်ဆိုတာ

ဘယ်သူမှ မသိလိုက်ရခင်

ချစ်သူရှိရာလမ်းကလေး

သူ ငေးကြည့်နေခဲ့တယ် ...။

ပန်းဝေသီမဂ္ဂဇင်း၊ အောက်တိုဘာ၊ ၁၉၉၅ ခုနှစ်

***